


အတွဲ (၃) အမှတ် (၁) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်

## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




"မိမိတို့နိုင်ငံတွင် သဘာဝတရားကြီးက ပေးထားသည့် အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်၊ မြေအောက်သဘာဝ သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူအဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိ၍ အဆိုပါသဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"

## ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံ အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်



"ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း"

# မာတိကာ


- ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် ၁၊ ၃၊ ၄
- ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် ၁
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားတက်ရောက် ၄-၅
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့်တွေ့ဆုံ ၅-၆
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် ၆
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံအခြေစိုက် Best International Travel & Agency မှ အမှုဆောင်အရာရှိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ ၆-၇
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ ၇
- ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများ၏ အတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ ၈
- ခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၃)ကြိမ်မြောက်အစည်းအဝေးကျင်းပ ၈-၉
- ခရီးသွားကဏ္ဍအလျင်အမြန်တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ၉
- ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါသွားသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အရှေ့ဖျားစီးပွားရေးဖိုရမ် (8th Eastern Economic Forum) သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ ၉-၁၁
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်သူများဖိုရမ်သို့ တက်ရောက် ၁၁-၁၂
- ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်လှစ် ၁၂
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး ၁၂-၁၃
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ ၁၃
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ် ခရီးစဉ်စတင်ပျံသန်းခြင်း အခမ်းအနားသို့တက်ရောက် ၁၃
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ တက်ရောက် ၁၄
- မြန်မာ- တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးတွေ့ဆုံဆွေးနွေး ၁၄
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Chery Holding Group Co.,Ltd နှင့် Rich Resource International Investment Co.,Ltd တို့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ ၁၅
- ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့်ကျန်းမာရေး အခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ၁၅-၁၆
- ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့မှ (၉)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာ ခရီးသွားပြပွဲ -၂၀၂၃ သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက် ၁၆
- ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ တောင်တန်းခရီးသွားလုပ်ငန်းနှင့် ပြင်ပအားကစားအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့မှု ၁၆
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ ၁၆-၁၇
- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ၁၇-၁၈
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသောအစီအစဉ်များ ၁၈
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ၁၈
- တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း
- ရှမ်းပြည်နယ် ၁၈-၁၉
- ရန်ကုန်တိုင်းဒေသကြီး ၁၉
- စစ်ကိုင်းတိုင်းဒေသကြီး ၁၉
- မကွေးတိုင်းဒေသကြီး ၁၉-၂၀
- ဧရာဝတီတိုင်းဒေသကြီး ၂၀
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Package Tour အစီအစဉ်ဖြင့် လာရောက်သော တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ကြိုဆိုတွေ့ဆုံ ၂၀


**********

○ **ရှေ့ဖုံးမှ**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအဖွဲ့ဝင်ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ် စက်တင်ဘာ ၂၇ ရက်၌ ကမ္ဘာတစ်ဝန်းမှ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်လျက်ရှိပြီး ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီးရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိ နားလည်နိုင်စေရန် ဖြစ်ပါကြောင်း။

ထိုသို့ ကျင်းပပြုလုပ်ရာတွင် ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို ထင်ဟပ်စေရန် လတ်တလောဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့် ကိုက်ညီသည့် ဆောင်ပုဒ်များကို နှစ်အလိုက်သတ်မှတ်ပြီး ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၃ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဦးတည်ဆောင်ပုဒ်အဖြစ် “ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး” “Tourism and Green Investments” ကို သတ်မှတ်ထားပါကြောင်း။

၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများသည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ ခရီးသွားကဏ္ဍမှ အလုပ်အကိုင်ဖန်တီးမှုသည် ၇၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံ မှ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံထိ ကျဆင်းသွားခဲ့သည်ဟု သိရှိရပါကြောင်း။

ခရီးသွားလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုတွင် ဦးဆောင်နေရာမှ ရပ်တည်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်တွင်ရှိသည့် လုပ်သားဦးရေ ၁၀ ဦးလျှင် တစ်ဦးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသူများဖြစ်ပြီး အမျိုးသမီးနှင့် လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခွင့်အလမ်းလည်းများစွာ မြင့်မားပါကြောင်း၊ သို့သော် အချို့သော အလားအလာရှိသည့် ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အတတ်ပညာများ သင်ကြားနိုင်မှု အခွင့်အလမ်းနည်းပါးခြင်းကြောင့် လူငယ် ၅၀ ရာခိုင်နှုန်းခန့်သည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် အဟန့်အတားဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ လာမည့် ၂၀၃၀ ပြည့်နှစ်အထိ တစ်နှစ်လျှင်အလုပ်အကိုင်ပေါင်း ၈သိန်းကျော်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းရေရှည်တိုးတက်ရန် ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံကြရန် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်ကို သက်ဆိုင်သူများက အလေးထားကြရန်လိုပါကြောင်း။

ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများကို တည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေး နည်းလမ်းများနှင့် ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အဦများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် လိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်စေခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့် စက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိခြင်းသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။



မိမိတို့နိုင်ငံတွင် သဘာဝတရားကြီးကပေးထားသည့် အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်၊ မြေအောက်သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အလားတူ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိပါကြောင်း၊ အဆိုပါသဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ လျော့နည်းလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာကြပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ ၂၀၂၃

ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမသုံးလပတ်ကာလ၌ ကမ္ဘာလှည့်ခရီးသည် ၂၃၅ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် ၂ ဆ၊ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီကာလ၏ ၈၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး တိုးတက်မှု ရှိသည်ကို သိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှ စတင်ကာ နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့ပြီး ကမ္ဘာလှည့် e-visa ကို မေလ ၂၀ ရက်က စတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပနိုင်ငံ အသီးသီးမှ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်စသည့် နိုင်ငံတကာဝင်ပေါက် အသီးသီး မှ နိုင်ငံတကာခရီးသွားစုစုပေါင်းနှစ်သိန်းကျော်ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် ကထက် ၄၃ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ နိုင်ငံ တကာခရီးသွားဧည့်သည် ခြောက်သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခင်နှစ်က တစ်သိန်းကျော်သာ ဝင် ရောက်ခဲ့သည့်အတွက် ၆ ဆခန့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည် ဦးမော့လာစေရန် ဘက်ပေါင်းစုံ မှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြု စေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်သွားကြရန် လိုအပ် ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပခရီးသွားများတိုးတက်လာစေရန် မဟာဗျူဟာလုပ်ငန်းစီမံချက် များ ရေးဆွဲဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် မြန်မာနိုင်ငံကို ခရီးသည်ရောက်ရှိမှု ပိုမိုတိုးတက်များပြားလာမည်ဖြစ်သည့်အပြင် မကြာတော့သည့် ကာလတစ်ခု၌ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ မတိုင်မီ ကာလအခြေအနေကို ပြန်လည်ရောက်ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး” ဆို သည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်တည်တံ့စေရန် အတွက် အားလုံးလက်တွဲညီညီ ဆောင်ရွက်ကြပါဟု ခရီးသွားလုပ်ငန်းဆောင် ရွက်သူများ အားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုကို ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ရောင်စုံ ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးအောင်မြတ်မင်း၊ ဒုတိယဆုရရှိသည့် ဦးမြင့်သန်း (ကျောက်ဆည်) နှင့် တတိယဆုရရှိသည့် ဦးကျော်ဇာမင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိ သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက် ပြခန်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့် ပြခန်းများနှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနမှ ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည် ကြည့်ရှုခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ–ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားတက်ရောက်




မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိလာ ရောက်လည်ပတ်စေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုများကို ရုရှား ခရီးသွားဈေးကွက်တွင် မြှင့်တင်နိုင်ရန်ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေးရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip–FAM Trip) အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့သည့် ခရီးစဉ်တွင် လိုက်ပါခဲ့ကြသော ရုရှားခရီးသွားကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel Royal Lake Yangon ၌ ကျင်းပပါသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားမစတင်မီ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ရုရှားနှစ်နိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးနေမှုကို လှည့် လည်ကြည့်ရှုကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှု တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လိုင်စင်ရ ပြည်ပခရီးစဉ်ဆောင်ရွက်သူများ၊ သတင်းနှင့်ရုပ်သံဌာနတို့မှ ကိုယ်စားလှယ်(၄၃)ဦးနှင့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီ (၆၀) ကျော်မှ လုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးဗီဒီယိုကိုပြသပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိ ရာတွင် ခရီးသွားလုပ်ငန်းသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စေရေးအတွက် Welcome Russia Program in Myanmar အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး

ထိုအစီအစဉ်၏ ကနဦးကြိုးပမ်းမှုအနေဖြင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်း၍ ယခုကဲ့သို့ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) ကို စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုအစီအစဉ်တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေနှင့် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ ပုဂံ၊ ရန်ကုန်၊ ကော့သောင်း၊ ငပလီ၊ ငွေဆောင်၊ အင်းလေး စသည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်ခဲ့ကြပြီးဖြစ်၍ မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသည့်အတွက် သဘောကျနှစ်သက်မည်ဟု ယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မြန်မာနိုင်ငံ၏ အလွန်လှပသည့်ရှုခင်းများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဒေသခံများ၏ နေထိုင်မှုဘဝပုံစံများနှင့် ထူးခြားသည့် ယဉ်ကျေးမှုများကို ခံစားကြည့်ရှုခွင့်မရသေးသူများ သိရှိခံစားလိုစိတ် ဖြစ်ပေါ်လာအောင် သတင်းစကားများ၊ ဓါတ်ပုံများဖြင့် လူမှုကွန်ယက်မီဒီယာများမှတဆင့် ဖြန့်ဝေပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံ ချစ်ကြည်ရင်းနှီးမှု (၇၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ရုရှားအော်သိုဒေါ့ခရစ်ယာန် ဘုရားကျောင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်တွင် လေ့လာလည်ပတ်ခဲ့ကြသည့် မြန်မာနိုင်ငံ၏ ခရီးစဉ်အသီးသီးနှင့် ရုရှားနိုင်ငံသားများကို ဆွဲဆောင်နိုင်မည့်အပြုသဘောဆောင်သည့် အကြံပြုချက်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ရုရှားနိုင်ငံသားများအတွက် ဆွဲဆောင်မှုရှိသောမြို့ဖြစ်အောင် လိုအပ်သည့်ဝန်ဆောင်မှုများပေးအပ်နိုင်ရန်တတ်စွမ်းသရွေ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှာစကားများပြောကြားပြီး FAM Trip ခရီးစဉ် သွားရောက်လည်ပတ်ခဲ့ကြသည့် ခရီးသည်များကိုယ်စား ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်သည့် အတွေ့အကြုံများ ရှင်းလင်းတင်ပြကာ သိရှိလိုသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြပါသည်။

ယင်းနောက် ရုရှားခရီးသွားကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် အောက်တိုဘာ ၂၅ ရက်နေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်ခရီးသွားလုပ်ငန်းရှင်များကို ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်ခု၏ စီးပွားရေးကို တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသော အခန်းကဏ္ဍအနေဖြင့် ပါဝင်နေကြောင်း၊ ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်လာသည်နှင့် ထိုဒေသရှိပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခြင်း၊ ဝင်ငွေတိုးတက်လာခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ခြင်းကို ခရီးသွားလုပ်ငန်း၏ တိုက်ရိုက်အကျိုးဆက်များအဖြစ် အထင်အရှား တွေ့မြင်နိုင်ပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစရှိသည့် ကဏ္ဍများတွင်လည်း သွယ်ဝိုက်သောအကျိုးကျေးဇူးများ ခံစားရရှိစေပါကြောင်း။




မန္တလေးခရီးစဉ်ဒေသ၊ ပုဂံခရီးစဉ်ဒေသနှင့် ပြင်ဦးလွင်ခရီးစဉ်ဒေသတို့သည် ပြည်ပခရီးသွားများသာမက ပြည်တွင်းခရီးသွားများပါကြိုက်နှစ်သက်ကြောင်းကို ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်းခရီးသွားများ လာရောက်မှုစာရင်းများအရ တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်ပခရီးသည် ဝင်ရောက်မှုကို တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းခရီးသွားများအတွက်လည်း သွားလာ၊ နေထိုင်စားသောက်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး၊ ပြည်တွင်းခရီးသွားများ ကြိုက်နှစ်သက်သောဆွဲဆောင်မှုများ၊ Activities များ၊ ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပါသည်။



အောက်တိုဘာ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် မိတ္ထီလာဟိုတယ်နှင့် ဝန်ဇင်းဟိုတယ်သို့သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဟိုတယ်နှင့်ခရီးသွားရေးဝန်ကြီးဌာနမှ မြန်မာ-ရုရှားခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip-FAM Trip) အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်သည့် ခရီးစဉ်တွင် လိုက်ပါလာသည့် ရုရှားခရီးသွားကိုယ်စားလှယ်များအား အောက်တိုဘာ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်၍ အမှတ်တရပန်းစည်းပေးအပ်ပါသည်။

ကြိုဆိုပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီး၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ Mr. Alexander OSTROVSKIY နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ စီးပွားရေးကိုယ်စားလှယ် Mr. Vladimir Kazadaev၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်း၍ "Welcome Russia Program in Myanmar" အစီအစဉ်ကို မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုသိရှိလာရောက် လည်ပတ်စေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုများကို ရုရှားခရီးသွားဈေးကွက်တွင် မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု FAM Trip ခရီးစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လိုင်စင်ရ ပြည်ပခရီးစဉ်ဆောင်ရွက်သူများ၊ သတင်းနှင့်ရုပ်သံဌာနတို့မှ ကိုယ်စားလှယ် ၄၃ ဦးတို့ ပါဝင်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကို၊ ဗလာဒီဗော့စတော့၊ နိုဗိုစီဗစ်နှင့် ဆိုက်ဘေးရီးယား၊ အီတာရင်ဘတ် အစရှိသော ဒေသများမှ ခရီးသွားကုမ္ပဏီများနှင့် မီဒီယာများမှ ကိုယ်စားလှယ်များပါဝင်ကြောင်း၊ မြန်မာနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသများဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ကော့သောင်း၊ ငပလီ၊ ငွေဆောင် အစရှိသည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်ကြမည်ဖြစ်ရာ ဒေသအလိုက် ခရီးသွားဆွဲဆောင်မှုများနှင့် အတွေ့အကြုံများ၊ ရိုးရာအစားအစာများကို မြည်းစမ်းကြရမည်ဖြစ်ကြောင်း။

ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလည်ပတ်နိုင်ရန် ရန်ကုန်- မန္တလေး-နိုဗိုစီဗစ်- မန္တလေး- ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်ကို မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (Myanmar Airways International -MAI) က စက်တင်ဘာ ၅ ရက်က စတင်ပြီး ပျံသန်းပြေးဆွဲလျက်ရှိသောကြောင့် FAM Trip ကို လိုက်ပါသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရန် ခရီးစဉ်များရေးဆွဲရာတွင် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ မြန်မာနိုင်ငံ၏ သာယာအေးချမ်းမှု၊ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်မှု၊ စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်ဒေသများအကြောင်းကို ရုရှားခရီးသွားဧည့်သည်များထံ သတင်းစကား ပြန်လည်မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားကာ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်သည့်ခရီးစဉ်တွင် လိုက်ပါလာသည့် ရုရှားခရီးသွားကိုယ်စားလှယ်များအား မြန်မာ့ရိုးရာအကများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မန္တလေးမြို့ရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မင်္ဂလာမန္တလေးဟိုတယ်၌ တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များက အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၂၀၂၃-၂၀၂၅ ခုနှစ်အတွက် အာဆီယံခရီးသွားစံနှုန်းဆု (ASEAN Public Toilet Award) ရရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။



အောက်တိုဘာ ၂၅ ရက်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လေကြောင်းမှ ရောက်ရှိလာသော ပြည်တွင်း ပြည်ပ ခရီးသွားများ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးမြို့ ၆၈ လမ်းနှင့် ၂၇ လမ်းထောင့်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံအခြေစိုက် Best International Travel & Agency မှ အမှုဆောင်အရာရှိ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင်

ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက် Best International Travel & Agency မှ အမှုဆောင်အရာရှိ Ms. Kulchalee Preechaya-deekul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။




တွေ့ဆုံပွဲများသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ Best International Travel & Agency အမှုဆောင်အရာရှိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများနှင့် စိန့်ပီတာစဘတ်မြို့တို့အကြား နှစ်နိုင်ငံခရီးသွားများ အပြန်အလှန်လည်ပတ်ရေး၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲရေးနှင့် ရုရှားခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပါသည်။



Best International Travel & Agency အမှုဆောင်အရာရှိနှင့် တွေ့ဆုံစဉ် ထိုင်းခရီးသွားများ အများဆုံးလည်ပတ်လေ့ရှိသော ရန်ကုန်-ပဲခူး-ကျိုက်ထီးရိုး ခရီးစဉ်များအပြင် ခရီးစဉ်အသစ်များသို့လည်း လာရောက်လည်ပတ်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုပ်သံဗီဒီယိုများရိုက်ကူး၍ ထိုင်းနိုင်ငံရှိ သတင်းမီဒီယာများ၌လွှင့်တင်ရေး၊ ရန်ကုန်နှင့် ဘန်ကောက်အကြား လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲပေးနိုင်ရေး၊ မြန်မာ-ထိုင်းနှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ အဆိုပါ Best International Travel & Agency အနေနှင့် ထိုင်းခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေး ခရီးစဉ်များ ရောင်းချပေးလျက်ရှိပြီး ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်ကိုလည်း ခရီးစဉ်များရောင်းချလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသ ရုပ်သံဗီဒီယိုများရိုက်ကူး၍ ထိုင်းသတင်းမီဒီယာများဖြစ်သော Thai Channel 5, Thairath, Workpoint နှင့် Mono 29 တို့တွင်လည်း လွှင့်တင်ဖော်ပြပေးလျက်ရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား အောက်တိုဘာ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးက နီပေါနိုင်ငံရှိ လုမ္ဗိနီဒေသသည် ဘုရားဖူးခရီးသွားများ သွားရောက်လည်ပတ်ရန် အကောင်းဆုံးနေရာဖြစ်ပြီး ခရီးသွားဧည့်သည် လာရောက်မှုအခြေအနေ၊ လေကြောင်းလိုင်းများ ပြေးဆွဲရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလေကြောင်းနှင့် မြန်မာနိုင်ငံ နိုင်ငံတကာလေကြောင်းလိုင်းများဖြင့် တွေ့ဆုံဆွေးနွေးမှု၊ နီပေါနိုင်ငံတွင် e-visa စနစ် ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နီပေါနိုင်ငံယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဆက်လက်အကောင်အထည်ဖော်ရေး၊ ဘုရားဖူးခရီးသွားများအတွက် Charter Flight များ ပြန်လည်ပြေးဆွဲနိုင်ရေး၊ ဗုဒ္ဓဂယာ၊ လုမ္ဗိနီကဲ့သို့ ဘုရားဖူးခရီးစဉ်များအတွက် လေကြောင်းလိုင်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများကို ဘုရားဖူးခရီးစဉ်များ စီစဉ်ပြေးဆွဲနိုင်ရေး၊ လေကြောင်းလိုင်းပြေးဆွဲမှုများရှိပြီး ဖြစ်သောကြောင့် နှစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ နီပေါနိုင်ငံတွင် တောင်တက်ခရီးသွားလုပ်ငန်း ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း Adventure Tourism ဖွံ့ဖြိုးရန် ဆောင်ရွက်နေပြီဖြစ်သောကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေးပြောကြားခဲ့ပါသည်။

## ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများ၏ အတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများ၏ အတွေ့အကြုံရှင်းလင်းတင်ပြခြင်းအခမ်းအနားကို အောက်တိုဘာလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံ့ဝန်ထမ်းများကို အရည်အချင်းပြည့်ဝပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ လုပ်ငန်းပိုင်းဆိုင်ရာ အသိအမြင် ဗဟုသုတများ ကြွယ်ဝစေရန်နှင့် ကမ္ဘာအနှံ့ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများ၊ ဖော်ထုတ်ချက်များကို မျက်ခြည်မပြတ်လေ့လာသင်ယူနိုင်ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများရှိ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ပြည်ပတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာရပ်များ သင်ကြားနိုင်ရန်အတွက် စိစစ်ရွေးချယ်စေလွှတ်လျက်ရှိကြောင်း၊ ပြည်ပသို့ သွားရောက်ခဲ့သူများအနေဖြင့် ရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းတင်ပြကြရန်နှင့် တက်ရောက်လာကြသူများကလည်း ၎င်းတို့၏ အတွေ့အကြုံမျှဝေမှုအပေါ် သိသင့်သိထိုက်သည်များကို အထူးဂရုပြုမှတ်သားကာ သိရှိလိုသည်များကို မေးမြန်းကြရန် ပြောကြားသည်။

ထို့နောက် ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ သွားရောက်ခဲ့သော အရာထမ်းများက ၎င်းတို့၏ အတွေ့အကြုံများနှင့် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ခရီးသွားလုပ်ငန်းကော်မတီ(၂/၂၀၂၃)ကြိမ်မြောက်အစည်းအဝေးကျင်းပ

ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ကော်မတီဝင်များဖြစ်ကြသော နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကော်မတီဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များ ပေါကြွယ်ဝသည့်အတွက် ကိုဗစ်-၁၉ မတိုင်မီ ကာလက ရောက်ရှိခဲ့သည့် ဧည့်သည်ပမာဏအထိ ပြန်လည်ရောက်ရှိအောင် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ပြည်ဝင်ဗီဇာဖြေလျှော့မှုများနှင့် ကျန်းမာရေးနှင့်အခြားသော ကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်မှုကို မြှင့်တင်၍ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်သင့်သည်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခရီးစဉ်ဒေသများဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ဆောင်မှုများတိုးတက်ရေး၊ ခရီးသွားမြှင့်တင်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် အဓိကခရီးသွားဈေးကွက်နိုင်ငံများမှ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာရေးအတွက် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားမှ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်နိုင်ရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ(၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အစိုးရ-ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်သော Working Group များ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖော်ထုတ်ဆွေးနွေးချက်များအနက် ဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွား အဖွဲ့အစည်းကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးစဉ်ဒေသများ၌ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နေမှု အခြေအနေများ၊ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပါသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက (၂/၂၀၂၃) ကြိမ်မြောက် ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ခရီးသွားကဏ္ဍ အလျင်အမြန်တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်

အစိုးရ- ပုဂ္ဂလိက Technical Group နှင့် Hybrid စနစ်ဖြင့် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ Technical Group အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော ခရီးသွားကဏ္ဍမှာ ပြန်လည်ဦးမော့လာလျက်ရှိသော်လည်း နဂိုမူလအခြေအနေသို့ရောက်ရှိရန်နှင့် အလျင်အမြန်တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆွဲဆောင်မှုရှိသော ခရီးသွားဆွဲဆောင်ရာနေရာများနှင့် ဘေးကင်းလုံခြုံသော Travel Bubbles များကို ဖော်ထုတ်နိုင်ရေးအတွက် ရေတို၊ ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ပူးပေါင်းမှုဖြင့် "ခရီးသွားလုပ်ငန်းဖိုရမ်" ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်း အလျင်အမြန်တိုးတက်လာစေရေးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ခရီးသွားလုပ်ငန်းဖိုရမ်နှင့်ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။




ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က working group အဖွဲ့များ၏ အပတ်စဉ်ဆွေးနွေးချက်များကို ကောက်နုတ်တင်ပြပြီး အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက ရှေ့ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် ဆွေးနွေးပြောကြားကာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပုဂ္ဂလိက working group အဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါသွားသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အရှေ့ဖျားစီးပွားရေးဖိုရမ် (8th Eastern Economic Forum) သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် အဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(8th Eastern Economic Forum) တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက်နေ့တွင် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများအကြား ဆက်သွယ်မှု ထူထောင်ရန်နှင့် မြှင့်တင်ရန်၊ ရုရှား အရှေ့ဖျားဒေသ၏ စီးပွားရေးအလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များရှိ စီးပွားရေးအခြေအနေများကို သုံးသပ်ဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ဒုတိယဝန်ကြီးချုပ်အနေဖြင့် စက်တင်ဘာ ၁၁ ရက်တွင် The Logistics of Change အစီအစဉ်တွင် ပါရှိသည့် New Logistics in the Far East: The "White Swan" of the RussianEconomy ခေါင်းစဉ်၊ မွန်းလွဲပိုင်းတွင် 'Eurasian Agroexpress': New Opportunities for Trade in the Asia-Pacific Region ခေါင်းစဉ်၊ စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် Rail

Logistics in a New Age: Realities, Challenges, and Opportunities ခေါင်းစဉ်တို့ကို Panelist အနေဖြင့် တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့အတူ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Russia-ASEAN Business Dialogue ခေါင်းစဉ်၊ မွန်းလွဲပိုင်းတွင် International Cooperation in a Changed World အစီအစဉ်တွင် ပါရှိသည့် SCO and EAEU Climate Agenda: Moving To-wards Common Goals ခေါင်းစဉ်နှင့် Greater Eurasia: Drivers for the Formation of an Alter-native International Monetary and Financial System ခေါင်းစဉ်တို့ကို Panelist များအနေဖြင့် တက်ရောက် ဆွေးနွေးခဲ့သည်။

အလားတူ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Program of the International Scientific and Practical Con-ference အစီအစဉ်တွင် ပါရှိသည့် Colonialism in the East and Its Impact on Modern World ခေါင်းစဉ်၊ စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက The Far East over the Past Decade: What has been a Success and What Remains to be Done? အစီအစဉ်တွင် ပါရှိသည့် Inbound Touri-sm: Challenges and Oppor-tunities in a New Reality ခေါင်းစဉ်တို့ကို Panelist များအနေဖြင့် တက်ရောက် ဆွေးနွေးခဲ့သည်။




ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရုရှားသမ္မတ၏ အကြံပေး၊ ရုရှားရှော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေဥက္ကဋ္ဌ မစ္စတာအန်တွန်ကိုဗျာကော့ဗ် (Mr. Anton Kobyakov) ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ ရှော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာမာ့ခ်ဆင်ရီရှက်နီကို့ဗ်(Mr. Maxim Reshetnikov) ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေးကျင်းပရေး၊ မြန်မာ- ရုရှားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ JSC Russian Railways မှ First Deputy CEO Mr. Sergey Pavlov ခေါင်းဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ရထားလမ်းတည်ဆောက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ စက်ခေါင်းနှင့် လူစီးတွဲစက်ရုံများတွင် စီမံကိန်းလုပ်ငန်းအသစ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရုရှားနိုင်ငံ တက္ကသိုလ်များအနေဖြင့် ရထားပညာတော်သင်များ ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းများအတွက် နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ရရှိနိုင်ရေးနှင့် ကုန်းတွင်းဆိပ်များ တည်ဆောက်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန်ဗီတိုရိဗစ်ပိုလီရာကော့ဗ် (Mr. Ivan Viktorovich Polyakov) ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက် ညနေပိုင်းတွင် အဋ္ဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum- Plenary Session) သို့တက်ရောက်သည်။ အဆိုပါအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတမစ္စတာဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားပြီး လာအိုပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ဆွေးနွေးဖက်နိုင်ငံအနေဖြင့် တက်ရောက်ဆွေးနွေးခဲ့သည်။

ဖိုရမ်ကျင်းပစဉ်ကာလအတွင်း ရုရှားနိုင်ငံ၏ ဒေသဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံမှုအနေဖြင့် စက်တင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအလယ်ပိုင်းရှိ အီကွတ်မြို့၏ Governor ခေါင်းဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလာမှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း၊ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပရီမော့စကီးဒေသ၏ Governor ခေါင်းဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ရေကြောင်းဆိုင်ရာ ကုန်သွယ်မှုဖြစ်နိုင်ခြေ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နည်းပညာဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များအား ပိုမိုနားလည်စေရန် စီးပွားရေးလုပ်ငန်းများအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် Far Eastern Federal Uni-versity မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနနှင့် Far Eastern Federal University (FEFU) တို့အကြား လက်မှတ်ရေးထိုးထားသည့် ဆေးဘက်ဆိုင်ရာပညာရပ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ

တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ စတင်ရေးနှင့် နေပြည်တော်တွင် FEFU ရုံးခွဲဖွင့်လှစ်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port of Vladivostok သို့ သွားရောက်၍ ဆိပ်ကမ်း၏ စွမ်းဆောင်မှုများ၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုစနစ်အား အဆင့်မြင့်ကွန်ပျူတာစနစ် အသုံးပြုပြီး စီမံခန့်ခွဲနေမှုများနှင့် အနာဂတ်ဆိပ်ကမ်း ဆက်လက်တည်ဆောက်သွားမည့် အစီအစဉ်များကို လေ့လာခဲ့ကြသည်။



ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမှုအနေဖြင့် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများပိုမိုအဆင်ပြေစေရန်နှင့် ငွေပေးချေမှုများ အဆင်ပြေချောမွေ့စေရန်အတွက် ရုရှားဘဏ်များမှ မြန်မာနိုင်ငံ၌ ဘဏ်ခွဲ (သို့မဟုတ်) ကိုယ်စားလှယ်ရုံးခွဲများ လာရောက်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရုရှားနိုင်ငံ ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ဘဏ်စာရင်း ဖွင့်လှစ်သည့် သဘောတူစာချုပ်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း၊ နှစ်နိုင်ငံခရီးသွား ဧည့်သည်ဝင်ရောက်မှုများ တိုးမြှင့်လာစေရေး၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု အရည်အသွေးများ မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း အလားအလာများ တိုးမြှင့်လာစေရေးနှင့် ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေးတို့ကို ရည်ရွယ်၍ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ကလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်သူများဖိုရမ်သို့ တက်ရောက်

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ပူးပေါင်း၍ ဆော်ဒီအာရေဗျနိုင်ငံ၏ မြို့တော် Riyadh (ရီရတ်ဒ်) မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စက်တင်ဘာ ၂၇ ရက်နေ့တွင် ကျရောက်သော ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်သူများဖိုရမ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံရုံး (ရီရတ်ဒ်) မြို့မှ သံအမတ်ကြီး ဦးတင်ယုတို့ ပါဝင်တက်ရောက်ကြသည်။




ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် အိမ်ရှင်ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Mr. Ahmed Al Khateeb နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili တို့က အဖွင့်အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင် ဒါရိုက်တာ Ms. Natalia Bayona က ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှု မူဘောင်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲ (panel session) များအား ဆက်လက်ကျင်းပရာ တူရကီနိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Mr. Mehment Nuri Ersoy နှင့် ဆွေးနွေးသူများက ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ချက်များတွင် လူငယ်ခရီးသွားများ၏ စိတ်ပါဝင်စားမှုများ မြင့်တက်လာသည့် အခြေအနေအပါအဝင် ခရီးသွားလုပ်ငန်း၏ စွမ်းအားနှင့်ဆက်နွယ်ဆောင်ရွက်သူများအကြား ပေါင်းကူးတံတားအဖြစ် တည်ရှိနေမှုတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Rizki Handayani Mustafa နှင့် ဆွေးနွေးသူများက ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေးနှင့် ကျွမ်းကျင်မှုများ ထူထောင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စပိန်နိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Rosa Ana Morillo Rodriguez နှင့် ဆွေးနွေးသူများက ခရီးစဉ်ဒေသများတွင် ရင်းနှီးမြှုပ်နှံခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဆွေးနွေးပွဲများကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပပြီး ဥဇဘက်ကစ္စတန်၊ တန်ဇန်းနီးယားအပါအဝင် နိုင်ငံပေါင်း ၁၂၀ မှ အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ် ၅၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် စက်တင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ခရီးသွားလုပ်ငန်း ဦးဆောင်သူများဖိုရမ်သို့ ဆက်လက်ပါဝင်တက်ရောက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများအား ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားနှင့် ဖိုရမ်ကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လျော့နည်းကျဆင်းခဲ့ရသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအခြေအနေကို ပြန်လည်တိုးတက်ကောင်းမွန်၍ ကြံ့ကြံ့ခံစေရန်နှင့် Agenda 2030 (အာဂျင်ဒါ ၂၀၃၀) နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (SDGs) အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ၂၀၂၃ ခုနှစ်အတွက် "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး" ဟူသော ဦးတည်စာသားဖြင့် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရေးနှင့်ကျွမ်းကျင်မှုများဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအား

အရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံကြရန်လည်းကောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသည့် ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် ကမ္ဘာမြေကြီး အတွက် ရင်းနှီးမြှုပ်နှံကြရန်လည်းကောင်း၊ တီထွင်ဆန်းသစ်ခြင်း၊ နည်းပညာနှင့် စွန့်ဦးတီထွင်မှုများ စသည်တို့တွင် စနစ်တကျ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကြွယ်ဝ ချမ်းသာမှုကို ပိုမိုအလေးထားဖော်ဆောင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

## ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်လှစ်

ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်း၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဟိုတယ်များမှ တာဝန် ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက် ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ရာတွင် ဘာသာစကား အခက်အခဲမရှိစေရန်နှင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ကြိုတင် သိရှိထားနိုင်စေရန် ယခုကဲ့သို့ ရုရှားဘာသာစကားသင်တန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ရုရှား ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ပြည်ဝင် ဗီဇာဖြေလျှော့ ခြင်း၊ ကျန်းမာရေးဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ ခရီးသွားပြပွဲများ၊ အစည်းအဝေးများသို့တက်ရောက်ပြီး နှစ်နိုင်ငံ ခရီးသွား အာဏာပိုင်အဖွဲ့အစည်းများအကြား ခရီးသွားလုပ်ငန်း တိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ယခုသင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ကြိုးကြိုး စားစား လေ့လာသင်ယူကြပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးပြုအသုံးချ နိုင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးနှင့် Welcome Russia Program in Myanmar အစီအစဉ်တို့တွင် ပါဝင် ဆောင်ရွက်နေမှု၊ နိုင်ငံတကာမှ ခရီးသွားဆွဲဆောင်ရာ နေရာများ ဖော်ဆောင် နေမှု၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ဘာသာစကားသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရုရှားဘာသာစကား (အခြေခံ) သင်တန်းကို ရုရှား- မြန်မာ ချစ်ကြည်ရေးအသင်းမှ နည်းပြများက ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ (၅၄) ဦး တက်ရောက်လျက် ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရုရှားဘာသာစကား (အခြေခံ) သင်တန်းနှင့် ဒီပလိုမာသင်တန်းအပါအဝင် စုစုပေါင်းသင်တန်း (၁၂) ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၉၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် စက်တင်ဘာ ၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (CTD) သင်တန်းကျောင်းသို့ သွားရောက်၍ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအား အရင်းအမြစ်စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်လူရွယ်များကို အလုပ်အကိုင် အခွင့်လမ်းများ ရရှိစေရန်ရည်ရွယ်၍ မဲခေါင် - လန်ချန်း အထူး ရန်ပုံငွေ (၂၀၂၂) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "The Establishment of Bakery & Pastry Training Project" အစီအစဉ်ဖြင့် ဖွင့်လှစ် သင်ကြားလျက်ရှိသော အခြေခံမုန့်ဖုတ်နည်းသင်တန်း အမှတ်စဉ်(၂) သင်ကြား နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ရှေ့ဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ်၊ ဦးမြင့်ထွေး၊ လေ့ကျင့်ရေးနှင့်ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်နှင့် ရန်ကုန်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးနန္ဒအောင် တို့က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက် နေမှုနှင့် သင်တန်းများ ဖွင့်လှစ်ထားမှု၊ မဲခေါင်-လန်ချန်း စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အခြေခံမုန့်ဖုတ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ယခုလ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ပြုလုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သင်တန်း ကျောင်း၏ စာသင်ခန်းမကြီးနှင့် ပြိုင်ပွဲဝင်များ၏ ဆုရဓာတ်ပုံများ၊ အခြေခံ မုန့်ဖုတ်နည်း စာတွေ့သင်ကြားနေမှုနှင့် သင်တန်းသား သင်တန်းသူများ လက်တွေ့မုန့်ဖုတ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

အခြေခံမုန့်ဖုတ်နည်း သင်တန်းအမှတ်စဉ် (၂) သင်တန်းကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ မုန့်အမျိုးအစား (၄၈) မျိုးကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရန်အတွက် အခြေခံမုန့်ဖုတ်နည်း စာတွေ့၊ လက်တွေ့သင်ခန်းစာများကို ပြည်တွင်းကျွမ်းကျင်ပညာရှင်များက သင်ကြား ပို့ချပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန်တော်ကြီးဟိုတယ်၌ ဖွင့်လှစ် ထားသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသင်တန်းကျောင်းသို့

ရောက်ရှိရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဟိုတယ်တာဝန်ရှိသူများက ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားမှုနှင့် ဟိုတယ်နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် စက်တင်ဘာ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းရှင်များကို ရန်ကုန်မြို့ အင်းယားလိပ်ဟိုတယ်၌တွေ့ဆုံရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစိုးရက စီးပွားရေးလုပ်ကိုင်နိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက အကောင်အထည်ဖော် ဆောင်ရွက်ကြရပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ခရီးသွားကဏ္ဍတိုးတက်ရေးကို အလေးထားပါကြောင်း၊ ယခင်တွေ့ဆုံပွဲများတွင် ဆွေးနွေးခဲ့ကြသည့် ရလဒ်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးတို့အတွက် ဗီဇာဖြေလျှော့ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးသုံးစွဲမှုအဆင်ပြေစေရေးနှင့် လွယ်ကူစွာသွားလာလည်ပတ်နိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအနေနှင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ပေးကြစေလိုပါကြောင်း၊ ရုရှား၊ တရုတ်၊ အိန္ဒိယ အဓိကခရီးသွားဈေးကွက်ရရှိရန်ကိုလည်း တစ်ပြေးညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)၏ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ် ခရီးစဉ်စတင် ပျံသန်းခြင်း အခမ်းအနားသို့တက်ရောက်**

မြန်မာ-ရုရှား တိုက်ရိုက်လေကြောင်းကွန်ယက် ချိတ်ဆက်မှုမှတစ်ဆင့် ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်စေရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးမြှင့်လာရေးတို့အတွက် အထောက်အကူဖြစ်စေရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ်ခရီးစဉ် စတင်ပျံသန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာသံရုံးမှ ဒုတိယအကြီးအကဲ Mr. Pavel Klapukov၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ Yangon Aerodrome Company Limited မှ CEO နှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။




အခမ်းအနားတွင် ရှေ့ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာသံရုံးမှ ဒုတိယအကြီးအကဲ Mr. Pavel Klapukov နှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) မှ ကိုယ်စားလှယ်တစ်ဦးတို့က အသီးသီးဝမ်းမြောက်စကားပြောကြားကြပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ် ခရီးစဉ်ပြေးဆွဲခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။

အဆိုပါ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ် အသွား/ အပြန်ခရီးစဉ်ကို အပတ်စဉ် အင်္ဂါနေ့နှင့် စနေနေ့တို့တွင် ပုံမှန်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို လွယ်ကူစွာသိရှိနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း၌ ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလာရေး သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ကျပန်းစကား ပြောပြိုင်ပွဲ တက်ရောက်



စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ကျောင်းသား/ ကျောင်းသူများ၊ ဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ ဆရာ/ဆရာမများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ ဝန်ထမ်းများက အွန်လိုင်းမှတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဦးစီး၍ နှစ်စဉ်အဖွဲ့ဝင်တစ်နိုင်ငံတွင် အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလေ့ရှိပြီး ယခုနှစ်အတွက် ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ်မြို့က အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ အနေဖြင့်လည်း ၂၀၁၂ ခုနှစ်မှ စတင်၍ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ် အပါအဝင် (၁၂) ကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့် နှစ်အလိုက်ဆောင်ပုဒ်များကို သတ်မှတ်ပေးလေ့ရှိရာ ယခုနှစ်အတွက် Tourism & Green Investments (ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး) ဆောင်ပုဒ်ကို သတ်မှတ်ပေးထားပြီး လူသားများ အတွက်၊ ကမ္ဘာမြေအတွက်၊ ကြွယ်ဝချမ်းသာရေးအတွက် ဦးတည်သော ပိုမိုကောင်းမွန်သည့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ကြရန် တိုက်တွန်းထားပါကြောင်း၊ ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သမရိုးကျ နည်းလမ်းများမှခွဲထွက်၍ အတွေးအခေါ်အသစ်၊ နည်းလမ်းအသစ်များဖြင့် ရင်းနှီး မြှုပ်နှံမှုများကို ပြန်လည်စတင်ကြရန် လိုအပ်ပါကြောင်း။

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံး ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲများကို စီစဉ် ကျင်းပလျက်ရှိပါကြောင်း၊ ယနေ့ပြိုင်ပွဲ ခေါင်းစဉ်များကိုလည်း လက်ရှိခရီးသွား လုပ်ငန်းကဏ္ဍကို ထင်ဟပ်စေသော ခေါင်းစဉ်များကိုသာ ရွေးချယ်ထား ပါကြောင်း၊ ယနေ့ပြိုင်ပွဲသို့ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်(ရန်ကုန်)တို့မှ ကျောင်းသား/ သူများနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်း များ ပါဝင်ယှဉ်ပြိုင်သွားကြမည်ဟု သိရှိရပါကြောင်း၊ ပြိုင်ပွဲဝင်များ၏ ပြောဆို ပြိုင်ဆိုင်မှုများသည် ကိုဗစ်အလွန် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသော အကြံပြုချက်များဖြစ်သည့် အတွက် ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ကျရာခေါင်းစဉ်များကို အားသွန်ခွန်စိုက် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ၊ အမှတ်ပေးအစီအစဉ် များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းနှင့် အနာဂတ်ဒစ်ဂျစ်တယ် နည်းပညာများဖွံ့ဖြိုးလာမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွား လုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော တာဝန်သိ ခရီးသွားလုပ်ငန်း စသည့်ခေါင်းစဉ်(၅)ခုဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပြိုင်ပွဲဝင်ခဲ့မှုများ အပေါ် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

## မြန်မာ – တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ တရုတ်လူမျိုးခရီးသွားများ လွယ်ကူ ချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ ကြိုတင်ပြင်ဆင်နိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ မြန်မာ- တရုတ် ကုန်သည်ကြီးများအသင်း၊ တရုတ်နိုင်ငံတက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှဖွဲ့စည်းထားသော မြန်မာ-တရုတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် တရုတ်ခရီးသွားဈေးကွက် ဆောင်ရွက် နေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဩဂုတ် ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ တွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် နယ်ရုံးခွဲများမှတာဝန်ခံများက အွန်လိုင်းမှပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှု နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြေညာချက်အရ တရုတ်လူမျိုး ခရီးသွား ဧည့်သည်များ အများအပြား ဝင်ရောက်လာတော့မည်ဖြစ်၍ ၎င်းတို့ ဝင်ရောက် ရာတွင် အဆင်သင့်ဖြစ်နေစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးနှင့် ဈေးကွက် ရရှိရေးအတွက် ခရီးသွားကုမ္ပဏီများအနေနှင့် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပြီး ဝန်ကြီးဌာနအနေနှင့်လည်းလိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

တရုတ်ခရီးသွားများ မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသများ၌ အဆင်ပြေချော မွေ့စွာလည်ပတ်နိုင်ရေးအတွက် ခရီးသွားရာသီအမီ ငွေကြေးသုံးစွဲမှု အဆင်ပြေ စေရေး၊ ဘာသာစကားနှင့် နေထိုင်သွားလာရေးတို့ အပါအဝင် ကြိုတင်ပြင်ဆင် သင့်သည်များကို ပြင်ဆင်နိုင်ရေးအတွက် ဆွေးနွေးအဖြေရှာကြရန် လိုအပ်ပါ ကြောင်း၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအပြင် တရုတ်၊ အိန္ဒိယ၊ ရုရှားကဲ့သို့ အလားအလာရှိသည့် ခရီးသွားဈေးကွက်ဝင်နိုင်ငံများမှ ခရီးသွားများပိုမို ဝင်ရောက်လာရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်လာရေး အတွက် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြပွဲများနှင့် မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ G2G၊ B2B ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က တရုတ်နိုင်ငံ ကူမင်းမြို့ ခရီးစဉ်ဆိုင်ရာအတွေ့အကြုံများအား ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ယင်းနောက် တရုတ်ခရီးသွားဈေးကွက် ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံနေရသည့်ကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Chery Holding Group Co.,Ltd နှင့် Rich Resource International Investment Co.,Ltd တို့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chery Holding Group Co.,Ltd Deputy CEO နှင့် Rich Resource International Investment Co.,Ltd Chairman & CEO Mr. Xu Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေး၊ ဗီဇာဖြေလျှော့ပေးရေး၊ တရုတ်ခရီးသွားဧည့်သည်များ ငွေကြေးသုံးစွဲမှုများ လွယ်ကူချောမွေ့စေရေးတို့အတွက် ဆက်စပ်ဝန်ကြီးဌာနများ နှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံခရီးသွားကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ နယ်ရုံးခွဲတာဝန်ခံများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တရုတ်ခရီးသွားများ ပြည်ပသို့ အဖွဲ့လိုက်ခရီးသွားခွင့်ပြုသည့်နိုင်ငံများ စာရင်း၌ မြန်မာနိုင်ငံပါရှိသည့်အတွက် ဝင်ရောက်လာမည့် တရုတ်ခရီးသွားဧည့်သည်များ အဆင်ပြေစွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို အဆင်သင့်ဖြစ်နေစေရေး ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များ ငွေကြေးသုံးစွဲမှု၊ လွယ်ကူချောမွေ့စွာသွားလာ လည်ပတ်နိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများနှင့် မျှော်မှန်း ခရီးသွားဈေးကွက်နိုင်ငံများက ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ဗီဇာဖြေလျှော့ပေးရေး၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များစီစဉ်ရေး၊ ခရီးသွားမြှင့်တင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားဖိုရမ် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းများဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## ၂၀၂၃ခုနှစ် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ကျန်းမာရေးအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပါဝင်တက်ရောက်




ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် အဆင့်မြင့် အရာရှိများသည် အောက်တိုဘာ ၁၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဘားမားခရိုင်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်ကြသည်။ အဆိုပါ ဖိုရမ်ကို "Health Preserving

Culture of Traditional Medicine and Industrial Development of Health Tourism" ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် တိုင်းရင်းဆေး ပညာသည် ကြွယ်ဝသော သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များရှိပြီး တိုင်းရင်းဆေးသမားတော်များအား မြန်မာနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းအတွင်း လေးစားယုံကြည်ကြပါကြောင်း၊ တိုင်းရင်းဆေးပညာနှင့် ခရီးသွားလုပ်ငန်းပေါင်းစပ်ခြင်းဖြင့် ကျန်းမာရေးခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါကြောင်း၊ ပြည်ပရှိလူနာများအတွက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနိုင်စေရုံမျှမက ဒေသတွင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုလည်း ကူညီပံ့ပိုးပေးနိုင်ပါကြောင်းပြောကြားသည်။ ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံများနှင့် တရုတ်အိမ်နီးချင်းနိုင်ငံများကြား တိုင်းရင်းဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာ ခရီးသွားခြင်း အတွေးအခေါ်၊ ကျွမ်းကျင်မှုများ ဖလှယ်ခြင်းသည် ပြည်သူများနှင့် ခရီးသွားများ၏ မတူကွဲပြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ရှေးခေတ်ပညာနှင့် ခေတ်မီကျန်းမာရေးစောင့်ရှောက်မှုများကို ပေါင်းစပ်ဖန်တီးပေးမည့် အလားအလာများ ရှိပါကြောင်း ပြောကြားကာ မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်ရေးဗီဒီယိုဖိုင်အား ပြသသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်က အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ နန်နင်းမြို့ ကွမ်းရှီးရက္ခဗေဒ ပရဆေးဥယျာဉ်နှင့် ပရဆေးပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ပြန်လည်ရောက်ရှိခဲ့ပါသည်။

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့မှ (၉)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာ ခရီးသွားပြပွဲ -၂၀၂၃ သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်**




ဗီယက်နမ်နိုင်ငံ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်း ပြည်သူ့ကော်မတီကကြီးမှူး၍ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ရှိ Saigon Exhibition & Convention Center၌ (၆-၉-၂၀၂၃) ရက်နေ့မှ (၉-၉-၂၀၂၃) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာ ခရီးသွားပြပွဲ-၂၀၂၃ သို့ မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်(၅)ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

**၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ တောင်တန်းခရီးသွား လုပ်ငန်းနှင့် ပြင်ပအားကစားအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့မှု**




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွေ့ကျိုးပြည်နယ်၊ ရှင်းရီမြို့တွင် ၂၀၂၃ ခုနှစ်၊ စက် တင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် "၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာတောင်တန်းခရီးသွားလုပ်ငန်းနှင့် ပြင်ပအားကစား အဖွဲ့ချုပ် ၏ နှစ်ပတ်လည်အစည်းအဝေး(2023 IMTA Annual Conference and International Conference of Mountain Tourism and Outdoor Sports)"သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

**လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခို ရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ**

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၁-၁-၂၀၂၃ ရက်နေ့မှ ၃၁-၁၀-၂၀၂၃ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၁၂၁၁၃)ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၁-၁၀-၂၀၂၃)အထိ

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၁၀-၂၀၂၃) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၁၀(လုံး) |
| | | ၈၅၄၀၈(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၈၂(လုံး) |
| | | ၁၃၄၇၈(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၃၉၂(လုံး) |
| | | ၉၈၈၈၆(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၁၀၉၉(ခု) |
| | (ခ ) ပြည်ပ | ၉၆၅(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၈၈၆(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၂၉(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၁၅၇(ခု) |

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၂၂ ဇန်နဝါရီလမှ အောက်တိုဘာလထိ | ၂၀၂၃ ဇန်နဝါရီလမှ အောက်တိုဘာလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၆၁၁၂၂ | ၂၂၉၆၂၁ | ၁၆၈၄၉၉ | (+)၂၇၆% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၉၂၉ | ၄၆၁ | (-)၄၆၈ | (-)၅၀% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | - | ၁၁၁၂၃ | ၁၁၁၂၃ | (+)၁၀၀% |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၄၉၀၂၆** | **၂၁၄၉၀၁** | **၁၆၅၈၇၅** | **(+)၃၃၈%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၁၀၄၁၂၈ | ၆၆၈၉၅၆ | ၅၆၄၈၂၈ | (+)၅၄၂% |
| **စုစုပေါင်း** | | **၁၅၃၁၅၄** | **၈၈၃၈၅၇** | **၇၃၀၇၀၃** | **(+)၄၇၇%** |

၃၁-၁၀-၂၀၂၃ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၄၆)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ် (၄၉၃)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၄၉၃)လုံးအနက် (၄၅၇)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်း စစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း (၃၁-၁၀-၂၀၂၃)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၀ | ၁၀၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၅ | ၂၀၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၄၄၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀၂ | ၉၇ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၀ | ၄၁ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၂ | ၁၀၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅၈ | ၅၇ |
| ၉ | ကချင်ပြည်နယ် | ၇၈ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၅၉ | ၅၉ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၈၉ | ၈၀ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၉၁ |
| ၁၅ | ရှမ်းပြည်နယ် | ၄၄၈ | ၃၇၀ |
| **စုစုပေါင်း** | | **၂၃၉၂** | **၁၇၈၇** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၁-၁၀-၂၀၂၃) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားမှု | Online Approve များအနက် Plaque ထုတ်ပေးထားမှု | Online Approve များအနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာများ စာရင်း | လျှောက်ထားမှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၄ | ၅၁ | ၅၀ | ၁ | ၃ | ၁၀၀ | ၅၄ |
| ၂ | မန္တလေး | ၅၈ | ၄၄ | ၃၁ | ၁၃ | ၁၄ | ၅၈၂ | ၁၀ |
| ၃ | ရန်ကုန် | ၇၈ | ၇၂ | ၇၁ | ၁ | ၆ | ၄၈၅ | ၁၆ |
| ၄ | ပဲခူး | ၁၁ | ၉ | ၉ | ၀ | ၂ | ၁၀၂ | ၁၁ |
| ၅ | စစ်ကိုင်း | ၂၄ | ၂၂ | ၁၇ | ၅ | ၂ | ၆၁ | ၃၉ |
| ၆ | တနင်္သာရီ | ၂၅ | ၂၃ | ၂၃ | ၀ | ၂ | ၆၀ | ၄၂ |
| ၇ | ဧရာဝတီ | ၂၀ | ၁၉ | ၁၉ | ၀ | ၁ | ၁၂၂ | ၁၆ |
| ၈ | မကွေး | ၁၈ | ၁၈ | ၁၈ | ၀ | ၀ | ၅၈ | ၃၂ |
| ၉ | ကချင် | ၃ | ၂ | ၀ | ၂ | ၁ | ၇၈ | ၄ |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | ၀ |
| ၁၁ | ကရင် | ၄၆ | ၄၄ | ၄၂ | ၂ | ၂ | ၅၉ | ၇၇ |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | ၁၅ |
| ၁၄ | ရှမ်း | ၁၆၂ | ၁၄၆ | ၁၃၆ | ၁၀ | ၁၆ | ၄၄၇ | ၃၆ |
| ၁၅ | မွန် | ၃၂ | ၂၉ | ၂၉ | ၀ | ၃ | ၈၉ | ၃၆ |
| **စုစုပေါင်း** | | **၅၄၆** | **၄၉၃** | **၄၅၇** | **၃၆** | **၅၃** | **၂၃၈၂** | **၂၃** |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**လိုင်စင်ပျက်ပြယ်ဧည့်လမ်းညွှန်မွမ်းမံသင်တန်း**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) တွင် ဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်သက်တမ်းတိုးရန် ပျက်ကွက်ခဲ့သဖြင့် လိုင်စင်ဖျက်သိမ်းခြင်းခံရသော ဧည့်လမ်းညွှန်များအနေဖြင့် မွမ်းမံသင်တန်းကို တက်ရောက်ခြင်းဖြင့် ဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ပြန်လည်ရရှိမည်ဖြစ်သဖြင့် လိုင်စင်ပျက်ပြယ်ဧည့်လမ်းညွှန်များ မွမ်းမံသင်တန်း၊ အမှတ်စဉ် (၁၀) ကို ၁၈-၉-၂၀၂၃ ရက်နေ့မှ ၂၉-၉-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ဘာသာစကားသင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေးနှင့် ရုရှားခရီးသွားများအား ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ပေးအပ် နိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာ စကား(အခြေခံ) သင်တန်းကို လားရှိုးမြို့တွင် ၂၉-၈-၂၀၂၃ ရက်နေ့မှ ၂၂-၉-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၅၇) ဦး၊ ကျိုင်းတုံမြို့ တွင် ၁၁-၈-၂၀၂၃ ရက်နေ့မှ ၅-၉-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၇) ဦး၊ ကလောမြို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှား ဘာသာစကား(မွမ်းမံ) သင်တန်းကို ၂၁-၈-၂၀၂၃ ရက် နေ့မှ ၁၅-၉-၂၀၂၃ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၅) ဦးဖြင့်လည်းကောင်း ဖွင့်လှစ် ခဲ့ပါသည်။

ထို့အပြင် ရုရှားဘာသာစကား(အခြေခံ)သင်တန်း၊ အမှတ်စဉ်(၁)ကို နေပြည်တော်တွင် ၁၈-၉-၂၀၂၃ ရက်နေ့မှ ၁၄-၁၀-၂၀၂၃ရက်နေ့အထိ သင်တန်း (၁)

ကြိမ်၊ သင်တန်းသား(၅၄)ဦးဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ ရုရှားဘာသာစကား (အခြေခံ)သင်တန်း (၃)ကြိမ်နှင့် မွမ်းမံသင်တန်း (၁)ကြိမ် စုစုပေါင်း သင်တန်း(၄) ကြိမ်ကို သင်တန်းသား (၁၆၃)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း**

မကွေးမြို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း (၃) မျိုးကို ၂-၈-၂၀၂၃ ရက်နေ့မှ ၁၇-၈-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၈၅) ဦး၊ သံတွဲမြို့တွင် ၂၈-၈-၂၀၂၃ ရက်နေ့မှ ၁၄-၉-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၇၅) ဦး၊ ရှမ်းပြည်နယ် ကလောမြို့တွင် ၂၈-၈-၂၀၂၃ ရက်နေ့မှ ၂၂-၉-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၁၅၈) ဦး၊ လားရှိုးမြို့တွင် ၂၄-၇-၂၀၂၃ ရက်နေ့မှ ၁၈-၈-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၁၁၀) ဦး၊ ဧရာဝတီတိုင်း ငွေဆောင်တွင် ၂၄-၉-၂၀၂၃ ရက်နေ့မှ ၂၇-၉-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၆၀) ဦး၊ ဘားအံမြို့တွင် ၂၀-၁၀-၂၀၂၃ရက်နေ့မှ ၁၂-၁၁-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၁၂၅)ဦးဖြင့်လည်းကောင်း စုစုပေါင်းသင်တန်း (၆)ကြိမ်ကို သင်တန်းသား (၆၁၃)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs သင်တန်းများ**

စစ်ကိုင်းမြို့တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs သင်တန်းတစ်ခုဖြစ်သည့် အထည်ဆေးဆိုးရေးနှင့် ပန်းပုံရိုက်သင်တန်းကို ၁၄-၉-၂၀၂၃ ရက်နေ့မှ ၂၈-၉-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၂၀) ဦး၊ ပဲခူးမြို့တွင် စီမံခန့်ခွဲမှုသင်တန်းကို ၄-၁၀-၂၀၂၃ ရက်နေ့မှ ၆-၁၀-၂၀၂၃ ရက်နေ့အထိ သင်တန်းသား(၆၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂**

မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) အစီအစဉ်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)တွင် မုန့်ဖုတ်နည်းသင်တန်း၊ အမှတ်စဉ်(၁)သင်တန်းကို ၂၁-၇-၂၀၂၃ ရက်နေ့မှ ၂၅-၈-၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၂၀)ဦး၊ အမှတ်စဉ်(၂) သင်တန်းကို ၂၈-၈-၂၀၂၃ ရက်နေ့မှ ၂၂-၉-၂၀၂၃ရက်နေ့အထိ သင်တန်းသား (၂၀) ဦး၊ မုန့်ဖုတ်နည်းသင်တန်းအမှတ်စဉ် (၃) သင်တန်းကို ၂၅-၉-၂၀၂၃ ရက်နေ့မှ ၂၀-၁၀-၂၀၂၃ ရက်နေ့အထိ သင်တန်းသား(၂၀)ဦး၊ အမှတ်စဉ် (၄) သင်တန်းကို ၂၃-၁၀-၂၀၂၃ ရက်နေ့မှ ၁၇-၁၁-၂၀၂၃ ရက်နေ့အထိ သင်တန်းသား(၂၀)ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်ရှိ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခြင်း**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြို့တွင် ၂၀-၈-၂၀၂၃ ရက်နေ့မှ ၁၈-၉-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၃ ခုနှစ်၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်ရှိ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန် ဦးဆောင်သော အဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**လာအိုနိုင်ငံ၊ လွှန်ပရာဘမ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းပူးပေါင်းဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်**




အာဆီယံခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးများဖြစ်သည့် (၁၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ပူးပေါင်းဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်ရေးကော်မတီအစည်းအဝေး၊ (၃၀) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များကြီးကြပ်မှုကော်မတီအစည်းအဝေး၊ (၁၆) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေးကော်မတီအစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအရင်းအမြစ်ရှာဖွေဖော်ထုတ်ရေး၊ ကြီးကြပ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေးကော်မတီအစည်းအဝေးများကို လာအိုနိုင်ငံ၊ လွှန်ပရာဘမ်မြို့တွင် ၄-၉-၂၀၂၃ ရက်နေ့မှ ၉-၉-၂၀၂၃ ရက်နေ့အထိ လာအိုနိုင်ငံ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနက လက်ခံကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးတင်မျိုးအောင်တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ရှမ်းပြည်နယ်

**ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ၄/၂၀၂၃ ကျင်းပပြီးစီးမှုတင်ပြခြင်းကိစ္စ**

ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၃) အစည်းအဝေးကို (၄-၁၀-၂၀၂၃) ရက်နေ့ မွန်းလွဲ (၁)နာရီအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၁)တွင် ကျင်းပပြုလုပ်ရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အဖွင့်အမှာစကားပြောကြားပြီး၊ ကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဟိုတယ်နှင့်ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်လျှောက်ထားလာသည့် ကိစ္စရပ်များ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဒေသဆိုင်ရာခရီးသွားကော်မတီ (၃/၂၀၂၃)နှင့် (၄/၂၀၂၃)

အစည်းအဝေးအတွင်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းတင်ရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပါသည်။




အစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင်အသစ်(၂)ခုနှင့် ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်(၂)ခု တို့ကို ခွင့်ပြုခဲ့ပြီး ဟိုတယ်၊ တည်းခိုရိပ်သာ(၄၇)လုံး၊ ခရီးလှည့်လှည်ရေးကုမ္ပဏီ(၉)လုံး၊ ရုံးခွဲ(၁)လုံး၊ ဧည့်လမ်းညွှန် (၁၈)ဦး၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (၈)ဦးတို့၏ ပုံမှန်သက်တမ်းတိုး ကိစ္စရပ်များကို အတည်ပြုခဲ့ပါသည်။အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသို့ ကော်မတီဝင် (၁၁)ဦး တက်ရောက်ခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး

**တရုတ်-မြန်မာ နှစ်နိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် တိုးမြှင့်လုပ်ဆောင်သွားမည့် မိတ်ဆက်ပွဲကျင်းပခြင်း**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသော မင်္ဂလာအဖြာဖြာ ဆုံစည်းရာလက်ဖက်ရည်ကြမ်း အနုပညာမိတ်ဆက်ပွဲနှင့် တရုတ်ခရီးသွားလုပ်ငန်းမြင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရာ ယူနန်ပြည်နယ်ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်)နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာနှင့် တက္ကသိုလ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Ms. Cao Jing မှ တရုတ်ရိုးရာ လက်ဖက်ရည်ကြမ်းပညာနှင့်သက်ဆိုင်ရာ ထုံးထမ်းဓလေ့များသည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESO)၏ လူသားမျိုးနွယ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကိုယ်စားပြုစာရင်းဝင်ဖြစ်ပြီး လက်ဖက်ရည်ကြမ်းကိုအခြေပြုကာ တရုတ်နိုင်ငံနှင့် နိုင်ငံတကာအကြား ယဉ်ကျေးမှု၊ ခရီးသွားလာမှု၊ စီးပွားရေးအစရှိတဲ့ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်အတူလက်တွဲပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်း၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုများကို တိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့ပါသည်။

၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ လေ့လာနိုင်ရန် ယူနန်ပြည်နယ်ထွက်လက်ဖက်ခြောက်များ၊ ဒေသထွက် လက်ဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

**စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၉/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပ**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ၉/၂၀၂၃ ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာလ ၄ ရက်နေ့ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပစဉ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



အစည်းအဝေးသို့ တက်ရောက်လာသူများနှင့်ဟိုတယ်လုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများ ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအခြေအနေများနှင့် ပတ်သက်၍ အသီးသီးအကြံပြုဆွေးနွေးတင်ပြခဲ့ကြပါသည်။

## မကွေးတိုင်းဒေသကြီး

**မကွေးတိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၃) အစည်းအဝေးကျင်းပခြင်းနှင့် စက်ဘီးစီးခရီးစဉ် (Bike Tourism) ဖြင့် ခရီးစဉ်ဒေသမြှင့်တင်ရေးဆွေးနွေးပွဲအခမ်းအနားကျင်းပ**



မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို (၂၀.၁၀.၂၀၂၃)ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်မှ တက်ရောက်အမှာစကား ပြောကြားပါသည်။

အစည်းအဝေးတွင် ကော်မတီဝင် ဒုတိယဥက္ကဋ္ဌမှ ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးလမ်းညွှန်မှာကြားချက်များနှင့် ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်မှာကြားခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မကွေးရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်မှုအခြေအနေ ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ(DMO) ဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဖွင့်လှစ်မည့် သင်တန်းများ ရေနံချောင်းသဘာဝဂျပ်ကြား ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကိုတင်ပြပြီး ကော်မတီသို့ အတည်ပြုချက်ရယူခဲ့ပါသည်။

(၂၆.၁၀.၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသများအား ပိုမိုသိရှိ လာရောက်လည်ပတ်နိုင်စေရေးနှင့် စက်ဘီးစီးခြင်းဖြင့် ကြော်ငြာမြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးပွဲအခမ်းအနားကို မကွေးမြို့ရှိ ပုလဲရွှေရည် ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် စက်ဘီးစီးအဖွဲ့ချုပ်မှ စက်ဘီးစီးအား ကစားသမားများ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီးအတွင်း စက်ဘီးစီးခရီးစဉ်များ (Bike Tourism) ဆောင်ရွက်လုပ်ဆောင်မှု အစီအစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု**




ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဒေသအဆင့် (Enchanting Myanmar Health & Safety Protocol) အသိအမှတ်ပြုတံဆိပ်ကို ဟိုတယ်၊ တည်းခိုရိပ်သာ (၁၀၄)လုံးကို ပေးအပ်နိုင်ခဲ့ပြီး ဒေသအဆင့် အသိအမှတ်ပြုလက်မှတ် ရရှိထားသော ဟိုတယ်၊ တည်းခိုရိပ်သာများအား နိုင်ငံအဆင့် (Enchanting Myanmar Health & Safety Protocol) အသိအမှတ်ပြုတံဆိပ်ရရှိရေး ဆောင်ရွက်လျက်ရှိရာ အသိအမှတ်ပြုတံဆိပ်ရ ဟိုတယ် (၁၉) လုံး ရရှိပြီးဖြစ်ကာ တိုင်းဒေသကြီးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုပစ္စည်းပြပွဲအား ငွေဆောင်ဒေသရှိ ငွေဆောင်ကမ်းခြေ ယမုံနာဦးဟိုတယ်တွင် ၁၅.၁၀.၂၀၂၃ မှ ၁၆.၁၀.၂၀၂၃ ရက်နေ့ထိလည်းကောင်း၊ ချောင်းသာဒေသရှိ ချောင်းသာကမ်းခြေ Azura Hotel ရှေ့ကမ်းခြေတွင် ၂၁.၁၀.၂၀၂၃ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Package Tour အစီအစဉ်ဖြင့် လာရောက်သော တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ကြိုဆိုတွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံရှိ International Travel Asia Travels and Tours နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ရှိ Dehong Travel ကုမ္ပဏီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များကို အောက်တိုဘာ ၂ ရက်နေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန နီလာခန်းမ၌ ကြိုဆိုလက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် တရုတ်ခရီးသွားများ ပြည်ပသို့အဖွဲ့လိုက် ခရီးသွားခွင့်ပြုသည့် နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံပါရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်း လုံခြုံရေးအဖွဲ့များ၏ ဆောင်ရွက်မှုများဖြင့် ဖမ်းဆီးနှိမ်နင်းမှုများဆောင်ရွက်ခဲ့ကြောင်း၊ သတင်းတု သတင်းမှားများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် တရုတ်သတင်းဌာနများသို့ အမှန်သတင်းများ ရရှိအောင် ဖြေကြားပေးလျက်ရှိကြောင်း၊ ယခုလာရောက်သူများအနေဖြင့်လည်း ခရီးစဉ်အတွင်း လက်တွေ့အမှန်တကယ်မြင်တွေ့ရသည်များကို ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း၊ ခရီးသွားများသွားလာလည်ပတ်သင့်သော ခရီးစဉ်ဒေသ(၁၄)ခုကို ကြော်ငြာထားရှိကြောင်းနှင့် ပျော်ရွှင်ချမ်းမြေ့သာယာသော ခရီးစဉ်ဖြစ်ကြပါစေကြောင်း ဆုတောင်းစကားပြောကြားသည်။

ထို့နောက် တရုတ်ခရီးသွားအဖွဲ့ခေါင်းဆောင် Mr. Dao Chengfu က တရုတ်နိုင်ငံ၏ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်းတုသတင်းအမှားများကို ချေဖျက်လိုသောကြောင့် ယခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုခရီးစဉ် ပြီးဆုံးသွားပါက မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ကောင်းမွန်သော အတွေ့အကြုံများနှင့် အေးချမ်းသာယာမှုရှိကြောင်း သတင်းစကားများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးခိုင်မြဲသည့်အတွက် တရုတ်ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာမည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

အဆိုပါ တရုတ်နိုင်ငံသားခရီးသွားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်က တရုတ်နိုင်ငံမန်စီးမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာပြီး ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်းနှင့် အဆိုပါကုမ္ပဏီများအနေဖြင့် Golf Tour များအပါအဝင် ယူနန်၊ ရွှေလီ၊ ကူမင်း၊ ရှမန်၊ ပေကျင်း၊ ဟောင်ကောင်တို့မှ တရုတ်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။